# ဘေးအန္တရာယ်ကြောင့်ထိခိုက်ဆုံးရှုံးသူများသို့

## 0. ယာယီခိုလှုံရေးစင်တာသို့သွားပါရန်၊

**- မိမိနေအိမ်တွင်နေထိုင်ရန်အဆင်မပြေတော့ပါက ယာယီခိုလှုံရေးစင်တာသို့သွားပါ။**

လျှပ်စစ်မီး၊ဂတ်စ်၊ သောက်သုံးရေ၊အိမ်သာ အစရှိသည်တို့အသုံးပြုမရသောကြောင့် မိမိအိမ်တွင်နေထိုင်ရန်မဖြစ်နိုင် နီးစပ်ရာခိုလှုံရေးစင်တာသို့သွားရောက်ခိုလှုံပါ။ ယာယီခိုလှုံရေးစင်တာသည် စားစရိတ်၊နေစရိတ်အခမဲ့ဖြစ် သည်။ ထောက်ပံ့မှုဆိုင်ရာသတင်းအမျိုးမျိုးကိုလည်းညွှန်ပြထားမည်ဖြစ်သည်။

## 1. ထိခိုက်ပျက်စီးမှုအနေအထားကိုဓါတ်ပုံရိုက်ထားရန်။

**- ထိခိုက်ပျက်စီးမှုအနေအထားကိုမှတ်တမ်းယူထားရမည်ဖြစ်သည်။**

ပြုပြင်မှုမပြုလုပ်မီ ထိခိုက်ပျက်စီးမှုအနေအထားကိုသိမြင်နိုင်ရန် အိမ်ဘေးပတ်လည်နှင့် အိမ်အတွင်းဓါတ်ပုံရိုက်ထား ရမည်ဖြစ်သည်။အိမ်သာလျှင်မကပဲပျက်စီးသွားသည့်

(မော်တော်ကားနှင့်၊ရေခဲသေတ္တာအစရှိသောလျှပ်စစ်ပစ္စည်း)

ကိုလည်းဓါတ်ပုံမှတ်တမ်းရိုက်ယူထားရမည်ဖြစ်သည်။

အိမ်ထဲရေဝင်လာပါက ရေအတိမ်အနက်ကိုသိရှိစေရန် ရေဝင်ခဲ့သည့် အရာကိုဓါတ်ပုံရိုက်ထားရမည်ဖြစ်သည်။




အထောက်အထားမှတ်တမ်းရယူထားခြင်းဖြင့်၊နောက်ပိုင်းတွင်အာမခံကြေးတောင်းခံခြင်းနှင့်ဘေးအန္တရာယ်ခံရ သည့်အထောက်အထားလတ်မှတ်လျှောက်ရာတွင်အသုံးဝင်မည်ဖြစ်သည်။

### ※ ဘေးအန္တရာယ်ခံရသည့်အထောက်အထားလတ်မှတ်ဆိုသည်မှာ

မြို့နယ်ရုံးတွင် ဘေးအန္တရာယ်ကြောင့်အိမ်ပျက်စီးကြောင်းကို စာရွက်စာတမ်းဖြင့်တင်လျှောက်ရမည် ဖြစ်သည်။

မြို့နယ်ရုံးမှလျှောက်ထားချက်အပေါ်မူတည်၍အိမ်ပျက်စီးမှုကိုစီစစ်မည်ဖြစ်သည်။

ဘေးအန္တရာယ်ခံရသည့်အထောက်အထားလက်မှတ်ရှိထားပါက၊ စားဝတ်နေရေးပြန်လည်ပတ်နိုင်ရေး အတွက်ထောက်ပံ့ကြေးနှင့်ချေးငွေရရှိရေး၊ အခွန်နှင့်ပြည်သူပိုင်အသုံးစရိတ်စသည်တို့ကိုလျှော့ပေါ့ပေး ခြင်း၊ ယာယီအိမ်ယာတွင်နေထိုင်ခွင့်စသည်တို့ကို၊ ခံစားရသည့်ပျက်စီးထိခိုက်မှုအပေါ်မူတည်၍ ထောက်ပံ့ မှုကိုခံစားရရှိမည်ဖြစ်သည်။နေထိုင်ခွင့်မှတ်ပုံတင်ကဒ်(在留カード)လည်းပြန်ထုတ်ပေးမည်ဖြစ်သည်။

ဘေးအန္တရာယ်ခံရသည့်အထောက်အထားလတ်မှတ်လျှောက်ထားခြင်းနှင့်ထုတ်ယူရရှိသည်အထိ၃,၄ ပတ်ကျော်ကြာနိုင်သဖြင့်မြို့နယ်ရုံးတွင်အသေးစိတ်မေးမြန်းပါရန်။

(သတိပြုရန်)လျှောက်ထားခြင်းမရှိပါကဘေးအန္တရာယ်ခံရသည့်အထောက်အထားလက်မှတ်ထုတ်ပေးမည်မဟုတ်။ မြို့နယ်ရုံးသိသွားပါ။

## 2. အပျက်အစီးများမရှင်းလင်းမီ


**- လျှပ်စစ်မီး**




လျှပ်စစ်ယိုစီးမှုရှိနိုင်သဖြင့်၊ Breakerကိုစစ်ဆေးပါ။ Breaker ကျနေပါက ခါတ်လိုက်နိုင်သဖြင့်လျှပ်စစ်ကုမ္ပဏီကိုတိုင်ပင်ဆွေးနွေးပါ။

**- ဂတ်စ်**

အိမ်ထဲတွင်ဂတ်စ်အနံ့ရှိပါကဂတ်စ်ကုမ္ပဏီကိုဆက်သွယ်ပါ။စီးတီးဂတ်စ်ဖြစ်ပါက၊ဘေးအန္တရာယ်ကျရောက်စဉ် အလိုအလျောက်ပြတ်တောက်သွားမည်ဖြစ်သည်။ ဂတ်စ်ပြန်ပေးသည့်အခါတွင်ဂတ်စ်မီတာ၏ Re-startခလုတ်ကိုနှိပ်ပါကပြန်လည်အသုံးပြုနိုင်မည်ဖြစ်သည်။




စီးတီးဂတ်စ်ကပြန်သုံးရမရကိုဂတ်စ်ကုမ္ပဏီကိုစုံစမ်းပါ။ ပရိုပိန်းဂတ်စ်သုံးစဉ်ဂတ်စ်အိုးရွှေ့နေ ပါကဂတ်စ်ယိုစိမ့်မှုဖြစ်နိုင်၍ဂတ်စ်ကုမ္ပဏီကိုဆက်သွယ်ပါ။

**- အာမခံကုမ္ပဏီကိုဆက်သွယ်ရန်**

မီးအာမခံနှင့်အဆောက်အဦသမဝါယမအာမခံဝင်ထားပါကပျက်စီးဆုံးရှုံးသည့်အပိုင်းကိုအာမခံကုမ္ပဏီသို့ အကြောင်းကြားပါ။ ပြင်ဆင်စရိတ်ထောက်ပံ့ကြေးရသည့်အခါလည်းရှိသည်။

အခန်းတွဲဖြစ်ပါကအိမ်ခန်းပိုင်ရှင်သို့အကြောင်းကြားပါ။

အိမ်ကိုပြင်ဆင်မှုမပြုလုပ်မီ ထိခိုက်ပျက်စီးမှုအနေအထားကိုဓါတ်ပုံရိုက်၍အိမ်ရှင်၊အာမခံကုမ္ပဏီနှင့်အိမ်ကိုဆောက် ခဲ့သည့်ဆောက်လုပ်ရေးကုမ္ပဏီသို့အကြောင်းကြားပါ။

## 3. ပျက်စီးမှုများကိုရှင်းလင်းစဉ်

**- ဒဏ်ရာအနာတရမဖြစ်စေရန်**

ထိခိုက်ဒဏ်ရာဖြစ်မှုမှကာကွယ်ရန်လည်ရှည်ဖိနပ်စီးခြင်း၊ လက်အိပ်စွတ်ခြင်းတို့ပြုလုပ်၍ဆောင်ရွက်ပါ။ ဖုံနှင့်မှိုတက်ခြင်းတို့ကြောင့်ကူးစက်ခြင်းကိုကာကွယ်ရန်မတ်စ်ခ်တပ်ပါ။ ပလုပ်ကျင်းခြင်း၊လက်ဆေးခြင်းနှင့်ပိုးသတ်ဆေး သုံးခြင်း၊ ရေသောက်ခြင်းတို့ကိုမကြာခဏလိုအပ်သလိုပြုလုပ်ပါ။

**- အမှိုက်ပစ်စနစ်ကပုံမှန်အနေအထားနှင့်မတူပေ။**

ကားနှင့်ရေခဲသေတ္တာအစရှိသောလျှပ်စစ်ပစ္စည်းအမှိုက်များထွက်လာမည်ဖြစ်၍ ပုံမှန်အမှိုက်ပစ်သည့်နေရာတွင်အမှိုက် လိုက်ကောက်နိုင်မည်မဟုတ်ပေ။


ကားနှင့်လျှပ်စစ်ပစ္စည်းအစရှိသည်

မြို့နယ်ရုံးနှင့်အိမ်နီးနားချင်းကိုအမှိုက်ပစ်ရမည့်နေရာနှင့်အချိန်ကိုစုံစမ်းမေးမြန်းပါ။

## - ဘေးအန္တရာယ်စေတနာ့ဝန်ထမ်း၏အကူအညီယူပါ။

စေတနာ့ဝန်ထမ်းအမြောက်အများက”ဘေးအန္တရာယ်လူမှုကူညီရေးစင်တာ” တွင်မှတ်ပုံတင်ထားကြသည်ဖြစ်သည်။ အိမ်မှလူများဖြင့်သာရှင်းလင်းခြင်းမပြုလုပ်ပဲ၊ စေတနာ့ဝန်ထမ်းများကိုကူညီလုပ်ကိုင်ပါစေ။ ဘေးအန္တရာယ်လူမှုကူညီရေးစင်တာ၊လူမှုဖူလုံရေးကောင်စီ၊မြို့နယ်ရုံးကိုဆွေးနွေးတိုင်ပင်ပါ။ အခမဲ့ကူညီပေးပါလိမ့်မည်။

ဘေးအန္တရာယ်စေတနာ့ဝန်ထမ်းကကူညီဆောင်ရွက်ပေးမည်ဖြစ်သည်



(သတိပြုရန်)

## - သူခိုးနှင့်လူလိမ်ကိုသတိပြုရန်

လူမှုကွန်ယက်အစရှိသည့်သတင်းတို့တွင်ကောလဟာလသတင်းလည်းရှိသည်။
တစုံတခုသံသယရှိပါကတစုံတယောက်ထံတိုင်ပင်ဆွေးနွေးပါ။

## - နေထိုင်ခွင့်မှတ်ပုံတင်ကဒ်နှင့်နိုင်ငံကူးလတ်မှတ်ပျောက်ဆုံးပါက

သံရုံးနှင့်လူဝင်မှုကြီးကြပ်ရေးဌာနသို့ဆက်သွယ်ပါ။

編集：NPO 法人多文化共生マネージャー全国協議会